**ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိသော Recycle ပြုလုပ်၍ရသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည့် ပလတ်စတစ်နှင့်အခြားကုန်ကြမ်းပစ္စည်းများအား ပြည်ပသို့တင်ပို့ခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံရာတွင် တင်ပြရမည့် အချက်အလက်များ**

၁။ တင်ပို့ခြင်းနှင့်ပတ်သက်၍ တင်ပို့မည့်ပစ္စည်းများဖြစ်သည့် Recycle Plastic Scrap နှင့် အခြား Scrap များသည် Recycle ပြုလုပ်၍ရသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြု၍ရသော သန့်စင်ပြီး ဖြတ်စ/အပိုင်းအစများဖြစ်ရန် လိုအပ်ပြီး သန့်စင်ပြီး Recycle Plastic Scrap နှင့် အခြား Scrap များကို ထုတ်လုပ်သည့် စက်ရုံအနေဖြင့် စက်ရုံလုပ်ငန်းအရွယ်အစားအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုပြန်ကြားစာ (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ် (ECC) ရရှိထားရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းရှင်များအနေဖြင့် သန့်စင်ပြီး Recycle Plastic Scrap နှင့် အခြား Scrap များ ပြည်ပသို့တင်ပို့ရန်အတွက် သဘောထားမှတ်ချက်တောင်းခံရာတွင် အောက်ဖော်ပြပါအချက်အလက် များကို ပြည့်စုံစွာပူးတွဲ၍ လျှောက်ထားရန် လိုအပ်ပါသည်-

(က) တင်ပို့ခြင်းအတွက် အကြောင်းပြချက်အသေးစိတ်ပါရှိသည့် ကုမ္ပဏီ၏ လျှောက်လွှာ၊

( ခ ) တင်ပို့လိုသည့်ပမာဏ၊ တင်ပို့မည့်အချိန်ကာလသတ်မှတ်ချက်၊ တင်ပို့မည့်နိုင်ငံ၊ တင်ပို့မည့် လမ်းကြောင်း၊ တင်ပို့မည့်ပစ္စည်းများအား ဝယ်ယူရရှိမှုအခြေအနေရှင်းလင်းချက်၊

( ဂ ) တင်ပို့မည့်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြချက်များ (Specification)၊ နှင့် တင်ပို့မည့် ကုန်ပစ္စည်းများ၏ ကြည်လင်ပြတ်သားသည့် ဓာတ်ပုံမှတ်တမ်းများ၊

(ဃ) ဘေးအန္တရာယ်ရှိပစ္စည်းများဟုတ်/မဟုတ် ခွဲခြားနိုင်ရေးအတွက် ဓာတ်ခွဲစမ်းသပ်ချက် အဖြေများ (ပလတ်စတစ်ကုန်ကြမ်းများဖြစ်ပါက မလိုအပ်ပါ)၊

( င ) ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် တင်ပို့မည့်ပစ္စည်းများအား ဝယ်ယူသိုလှောင်သည့် လုပ်ငန်း(သို့မဟုတ်) Recycle ပြုလုပ်သည့် လုပ်ငန်းဆိုင်ရာ ဆက်စပ်ဌာနများ၏ လိုင်စင်၊ မှတ်ပုံတင်နှင့်ခွင့်ပြုချက်များ၊

( စ ) ဝယ်ယူမည့်တစ်ဖက်နိုင်ငံရှိ ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ်သဘော တူညီချက်စာချုပ်၊

(ဆ) တင်ပို့မည့်ပစ္စည်းများသည် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ် ပစ္စည်းများရောနှောပါဝင်ခြင်းမရှိသည့် ကုန်ကြမ်းအဖြစ်တိုက်ရိုက် အသုံးပြုနိုင်သော သန့်စင်ပြီး ကုန်ပစ္စည်းများဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ၊

( ဧ ) တင်ပို့မည့်ပစ္စည်းများအား ဝယ်ယူသိုလှောင်သည့်လုပ်ငန်း (သို့မဟုတ်) Recycle ပြုလုပ်သည့် လုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ (သို့မဟုတ်) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက် (Approval Letter) (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC)။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်၍ တင်ပို့မည့်ပစ္စည်းများအား Recycle ပြုလုပ်သည့် စက်ရုံကို သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများအား ကွင်းဆင်းစစ်ဆေးစေပြီး ပြန်လည်တင်ပြလာသည့် ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာနှင့် အတည်ပြုပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သို့မဟုတ် ECC လက်မှတ်တွင် ဖော်ပြပါရှိသော ကုန်ချောထုတ်လုပ်မှုအပေါ် စိစစ်သုံးသပ်၍ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဖော်ပြကာ ပြည်ထောင်စုဝန်ကြီးရုံး၏ခွင့်ပြုချက်ဖြင့် ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ကို ကုမ္ပဏီသို့လိပ်မူပြီး ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ မိတ္တူပေးပို့၍ ပြန်ကြားဆောင်ရွက်လျက်ရှိပါသည်။